
(လင်နီးကျေးရွာ၊ မြိတ်ကျွန်းစု)
တက်ပြီ တက်ပြီ တက်ပြီ
မိုက်တယ် ပျော်စရာကြီး။ နည်းနည်းထပ်မြှင့်ဦး။
ကန်တော့နော်။ သမီး မမြင်လိုက်လို့ပါ။
ရပါတယ် ကလေးရေ
ဟယ် ဆွဲကြိုးလေးက သမီးလွှတ်နေတဲ့ စွန်ပုံစံနဲ့ တူတယ်။ လှလိုက်တာနော်။
ဒါလေးလား။ ဟုတ်တယ် သမီးရဲ့စွန်လေးနဲ့ ပုံစံတူတယ်နော်။
ဒါက မန်တာရေး (manta ray) ပုံလေးလေ။ အန်တီ အကြိုက်ဆုံး အကောင်လေးပေါ့။



အဲဒါ ငါးလိပ်ကျောက်(stingray) ကိုပြောတာလားအန်တီ။ ရွာဈေး ထဲမှာတော့ အဲ့လိုအကောင်တွေ အမြဲတမ်းတွေ့တယ်။
သမီးလည်း ရွာထဲမှာဆို ငါးလိပ်ကျောက် အကြီးကြီးတွေ အများကြီးတွေ့ဖူးတယ်။


စိတ်ဝင်စားဖို့ကောင်းတယ်နော်။ မန်တာရေး(manta ray)ကတော့ အကောင်တော်တော်ကြီးတဲ့အမျိုးပဲ။ သမီးတို့ မြင်တဲ့အခါ သိပါလိမ့်မယ်။
သမီးတို့မြင်ဖူးမယ့် ငါးလိပ်ကျောက်(stingrays) တွေ ထက် သူက အများကြီးကြီးတယ်။ ငါးဘဲလိပ် (mobula rays) အမျိုးစားတွေထဲမှာဆိုရင်တောင် မန်တာရေး (oceanic manta ray) က အကောင်အကြီးဆုံးပဲ။
ဩော် သိပြီ သိပြီ သမီးအဒေါ်ပြောဖူးတယ်။ အဲ့လိုအကောင်တွေကို "အူကြီး" ဆိုလား "ငါးလိပ်စွန်" ဆိုလား ခေါ်တယ်နော်။


ဟုတ်တယ် သမီး။ တနင်္သာရီဘက်က လူတွေက မန်တာရေး(oceanic manta ray, *Mobula birostris*) အကောင်ကြီးတွေကို "ငါးလိပ်စွန်" လို့ကော "အူကြီး" လို့ကော ခေါ်ကြတယ်။ သူတို့ရဲ့တောင်ပံတွေက ပင်လယ်ထဲမှာ ပျံနေကြတဲ့ စွန်ကြီးတွေလိုမျိုးပဲ။


သူတို့ အလားတူ မျိုးစိတ်ထဲက ပိုသေးတဲ့ အကောင်တွေကိုတော့ "ငါးဘဲလိပ်" (mobula rays) လို့ခေါ်ကြတယ်
MOBULA TARAPACANA
MOBULA MOBULAR
MOBULA KUHLII
MOBULA THURSTONI


အန်တီတို့က ဒီကျွန်းကို မန်တာရေး (oceanic manta ray) တွေအကြောင်း လေ့လာဖို့ လာကြတာလေ။
အစ်မတို့က ဒီ မန်တာရေး (oceanic manta ray) တွေအကြောင်း လေ့လာနေကြတာတော့ ကြာပြီ။ အခုမြန်မာပြည်မှာလည်း သူတို့ အကြောင်းကို ဆက်လေ့လာချင်လို့လေ။
တွေ့ရတာဝမ်းသာပါတယ်ရှင့်။ သမီးတို့က သဇင်နဲ့ နီနီပါ။ သမီးလည်း ဒီကျွန်းကို မိသားစုနဲ့ အလည်လာတာပါ။ နီနီကတော့ ဒီ ဆလုံရွာမှာပဲ သူ့မိသားစုနဲ့တူတူနေတယ်။
ဒီဘက်က ဒေါက်တာ အန်ဒရီယာ(Dr. Andrea)ပါ။ အစ်မကတော့ အန်နာ(Anna)ပါ။ မသန္တာက ဒီမှာအစ်မတို့ကို သုတေသနလုပ်ဖို့ ကူညီပေးနေတာလေ။


သမီးတောင် ငါးမန်းဖားလောင်း (whale shark) တွေကိုလေ့လာနေတဲ့ မမတို့လို သုတေသနပညာရှင်တွေနဲ့ တွေ့ခဲ့သေးတယ်။ သူတို့က သမီးကို သေချာလေး ပြောပြပေးခဲ့ကြသေးတာ။
သူတို့ဆိုရင် ငါးမန်းဖားလောင်းတွေကို တစ်ကောင်စီ ခွဲသိနိုင်ဖို့ ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်ထားကြရတယ်ပြောတယ်။


အန်တီတို့ကလည်း မန်တာရေး(manta ray) တွေကို တစ်ကောင်ချင်းစီ ခွဲသိဖို့ ပုံရိုက်ယူကြရတာပဲ။
ဒါပေမဲ့ မန်တာရေး (manta ray) ကျတော့ သူတို့ရဲ့ဝမ်းဗိုက်မှာရှိတဲ့ အမှတ်အသားတွေရဲ့ပုံကိုရိုက်ရတာ။
အဲ့အမှတ်အသားတွေက သူတို့တစ်ကောင်ချင်းစီကို
ခွဲခြားမှတ်တမ်းယူနိုင်ဖို့ အထောက်အကူဖြစ်တယ်လေ။


သူတို့ဗိုက်ကို ကြည့်ပြီး ခွဲတာ ဟုတ်လား။
သူတို့ ဗိုက်တွေကတော့ ငါတို့နဲ့ ဘယ်တူပါ့မလဲဟဲ့ သဇင်ရဲ့။


ဟားဟား ဟုတ်တယ်။ သူတို့ ဝမ်းဗိုက်က အမှတ်အသားလေးတွေက တစ်ကောင်နဲ့တစ်ကောင် လုံးဝမတူဘဲ ကွဲတယ်။
အန်တီတို့ လူတွေမှာဆိုရင် လက်ဗွေရာနဲ့ ခွဲသလိုပေါ့။ မသိရင် တစ်ယောက်ယောက်က သူတို့ဗိုက်တွေပေါ်မှာ
ပန်းချီလေးတွေ လာဆွဲပေးထားတယ်လို့တောင် ထင်ရတယ်။


နီနီရေ.. သဇင်ရေ.. မြန်မြန်လာကြဟေ့။
လှေတစ်စီးက ငါးလိပ်ကျောက်အကြီးကြီး တစ်ကောင်ကို မတော်တဆဖမ်းမိထားတယ်တဲ့။ ငါတွေ့ဖူးတဲ့ထဲတော့ အကြီးဆုံးပဲဟေ့။


အဲ့ဒါ မန်တာရေး (manta ray) ဖြစ်လောက်တယ်နော်။ သွားကြည့်ကြရအောင်။
လိုက်မယ်ဟေ့ အကောင်ကြီးကြီးတော့ တစ်ခါမှ မတွေ့ဖူးသေးဘူး။
ဟုတ်တယ် သမီးလည်းလိုက်မယ်။


ဗျို့ ဦးလေးရေ
ဒီမှာ သုတေသနပညာရှင်တွေပါ ခေါ်လာခဲ့တယ်။ သူတို့လည်း ဒီကောင်ကြီးကို မြင်ဖူးချင်ကြလို့တဲ့။
ကျွန်မတို့ ဘာကူပေးရမလဲ?


ကျွန်တော်က ဟိုးနားလေးမှာ ငါးဖမ်းနေတာ၊ ပိုက်ကွန်လည်းပြန်ဆွဲတင်ကော ဒီအူကြီးက ရောပြီးပါလာတော့တာပဲ။
ကျွန်တော်လည်း ဘာလုပ်ရမယ်မသိဘူး။ ကျွန်တော်မိထားတဲ့ ငါးတွေလည်း မဆုံးချင်ဘူး၊ ဒီအူကြီးကိုလည်း ဘယ်လိုပြန်လွှတ်ရမလဲ စဉ်းစားနေတာ။
မသေသေးဘူးထင်တယ်။ ကျွန်မတို့ ဆင်းကူလို့ရလား။
ဟုတ် ရတာပေါ့။ လုပ်ပါဦးဗျာ။



ငါးဖမ်းတဲ့အခါ မလိုချင်ပေမယ့် ငါးဖမ်းပိုက်ထဲရောပြီးမိလာတဲ့ အကောင်တွေ အမျိုးစုံပဲ အမြဲလိုပါလာတတ်တယ်။ ဒီလိုအခြေအနေမျိုး ဆိုရင် (by-catch) မတော်တဆဖမ်းမိတယ်လို့ ခေါ်တယ်။
လင်းပိုင်တို့၊ ပင်လယ်လိပ်တို့၊ ငါးမန်း ဖားလောင်းတို့နဲ့လည်း အဲ့လိုပိုက်ထဲ ပါလာတာဖြစ်တတ်တယ်။
ရောဝတီလင်းပိုင်တွေကိုလည်း ဒီလိုမျိုး (by-catch)ဖြစ်တာ သမီးကြားဖူးတယ်။


ဟဲ့ ကြည့်ဦး လွတ်သွားပြီ။ လာ ရေထဲလိုက်ဆင်းကြည့်ရအောင်။


အိုး ကြီးလိုက်တဲ့ မန်တာရေး(manta ray)ကြီး။
တော်တော်လေးလည်း လှတာပဲ။
ကျေးဇူးပါ။


ပါးစပ်ကြီးကလည်း ကြီးလိုက်တာ။
သမီးတို့ကို မကိုက်စားနဲ့နော်။


အန်တီက အကောင်မျောလေးတွေနဲ့ ပုစွန်ဆိတ်လေးတွေကိုပဲ
စစ်ထုတ်ပြီးစားတတ်တဲ့အမျိုးပါ။ သမီးတို့ကိုမကိုက်ပါဘူး။



အဲ့တုန်းက အန်တီဗိုက်ဆာနေတာနဲ့ အစာနောက်ကိုလိုက်လိုက်တာ ပိုက်ကွန်ကိုမမြင်ဘဲ တိုးမိပြီး ပါသွားတော့တာပဲ။
ကြော် အဲဒါမို့ အန်တီ့ဗိုက်က ဖောင်းနေတာကိုး။



ဟဲ့ မဟုတ်ပါဘူး သဇင်ရဲ့ သူဗိုက်ကြီးနေလားမသိဘူး။
ဟုတ်တယ် အခုအန်တီ့ဗိုက်ထဲမှာ ကလေးလေးရှိနေတာ။
ဟယ် ဟုတ်လား။ ဘယ်တော့မွေးမှာလဲ။


နီးလောက်ပြီ။ အခုဆို ကိုယ်ဝန်ဆောင်ထားတာ ၁၂ လလောက်ရှိနေပြီ။
၉ လ
၁၂ လ - ၁၃ လ


ဟုတ်လား တော်တော်ကြာတာပဲနော်။ လူအမေတွေတောင် အဲ့လောက် မကြာဘူးထင်တယ်။
ဟုတ်တယ် အန်တီတို့မှာ ကလေးလေးတစ်ကောင်မွေး ဖို့ အချိန်အကြာကြီး ယူရတာ။
အန်တီတို့သားအမိနှစ်ယောက် ကံကောင်းသွားတယ်။ သမီးတို့သူ ငယ်ချင်းတွေ ပိုက်ကနေ လွှတ်ပေး လိုက်လို့။ကျေးဇူးပါနော်။
ပိုက်ကနေ ဖြုတ်ပေးလို့ ကျေးဇူးတင်ပါတယ်။ ပင်လယ်ကြီးကို အရမ်းတွေ့ချင်နေပြီ။


ဘေးကင်းသွားအောင် ကူညီပေးနိုင်တာ ဝမ်းသာပါတယ်။
ဟုတ်ပြီလေ ဒါဆို ကလေးလေးကိုမွေးဖို့ နေရာရှာမို့ ခရီးဆက်သွားလိုက်ဦးမယ်နော်။
ဘယ်သွားမှာလဲဟင်။
ငါးဖမ်းလှေတွေနဲ့ ဝေးတဲ့ ထိန်းသိမ်းကာကွယ်ပေးထားတဲ့နေရာတစ်နေရာပေါ့။
နောက်တစ်ခါထပ်တွေ့ရင် နှုတ်ဆက်ကြဦးနော်။ ကျွန်မနာမည်က မူးမီပါ။
တာ့တာ ဂရုစိုက်ကြနော်။


(ခဏကြာပြီးနောက်..)
ဟုတ်ပြီ အခုအန်တီတို့ မူးမီရဲ့ပုံကို ဒေတာဘေ့စ်ထဲမှာ ထည့်လိုက်ပြီ။ ပြီးရင် အသေးစိတ် အချက်အလက်တွေကိုထပ်ပြီး ထည့်ရမယ်။
ဒါဆို တစ်ယောက်ယောက်က မူးမီနဲ့တွေ့လို့ သူ့ပုံတွေ ဘာတွေ ရိုက်ပြီးတင်ရင် သမီးတို့သိရမှာပေါ့။
ဒါပေါ့။


ထပ်တွေ့ချင်ပါသေးတယ်။
www.mantamatcher.org
Mou Mi
Adopt Me
Sex: Female
Taxonomy: Mobula birostris
Location: Langann village
Country: Myanmar
Date: 17 September 2023
Additional information: Pregnant. Entanglement scar from fishing net.